FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

## မီးအာမခံ ကို ခွင့်ပြုရာတွင် အခြေခံသည့် စည်းမျဉ်းများ

(၁) အာမခံထားရှိသည့်မည်သည့်ပစ္စည်းကိုမဆို သို့မဟုတ် ယင်းပစ္စည်းထားရှိသောမည်သည့် အဆောက်အအုံ သို့မဟုတ် နေရာကိုမဆို တနည်းနည်းဖြင့် မမှန်မကန်ဖော်ပြခဲ့လျှင်သော်လည်းကောင်း၊ အာမခံလက်ခံရာတွင် သိရှိချိန်ဆရမည့် အဓိကအချက်အလက်တစ်ခုခုကို တနည်းနည်းဖြင့် လွဲမှားဖော်ပြခဲ့လျှင်သော်လည်းကောင်း ယင်းအဓိကအချက်အလက်တစ်ခုခုကို တနည်းနည်းဖြင့် ထိန်ချန်ခဲ့လျှင်သော်လည်းကောင်း အဆိုပါမမှန်မကန်ဖော်ပြခြင်း (material misdescription)၊ လွဲမှားဖော်ပြခြင်း (misrepresentation) သို့မဟုတ် ထိန်ချန်ခြင်း(omission)တို့က ထိခိုက်သက်ရောက်စေသောပစ္စည်းနှင့် ဤပေါ်လစီသက်ဆိုင်ပတ်သက်သရွေ့ ဤကုမ္ပဏီတွင် လုံးဝတာဝန်မရှိပါ။

(၂) ဤကုမ္ပဏီ၏ အရာရှိတစ်ဦးသို့မဟုတ် ဤကုမ္ပဏီကခန့်ထား သို့မဟုတ် အသိအမှတ်ပြုသောအာမခံကိုယ်စားလှယ်တစ်ဦးက ဖြည့်စွက်လက်ရေးထိုးထားသည့် ဤကုမ္ပဏီ၏အမည်ဖြင့် ပုံနှိပ်ထားသောပရီမီယံရရှိကြောင်းငွေရပြေစာကို အာမခံထားသူသို့ထုတ်ပေးမှသာ ပရီမီယံတစ်ရပ်ရပ်ကို ဤကုမ္ပဏီသို့ပေးသွင်းကြောင်း အတည်ဖြစ်သည်။

(၃) ဤကုမ္ပဏီ၌ အာမခံထားရှိသောပစ္စည်းများအနက် မည်သည့်ပစ္စည်းကိုမဆို ယခင်ကအာမခံ သို့မဟုတ် အာမခံများထားရှိခဲ့ပြီးဖြစ်လျှင်သော်လည်းကောင်း၊ နောင်တွင် အာမခံ သို့မဟုတ် အာမခံများထားရှိဦးမည်ဆိုလျှင်သော်လည်းကောင်း အာမခံထားသူသည် ဤကုမ္ပဏီသို့ အကြောင်းကြားအသိပေးရမည်။ အကယ်၍ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းတစ်စုံတစ်ရာမဖြစ်ပေါ်မီ ထိုကဲ့သို့အကြောင်းမကြား အသိမပေးခဲ့သောကြောင့် ဤပေါ်လစီတွင် အဆိုပါအာမခံ သို့မဟုတ် အာမခံများ၏အချက်အလက်များကို ဤကုမ္ပဏီကဖြစ်စေ၊ ဤကုမ္ပဏီ၏ကိုယ်စားဖြစ်စေ ဖော်ပြထားခြင်း သို့မဟုတ် ပြင်ဆင်ချက်ဖြင့် ဖြည့်စွက်ထားခြင်းမရှိပါက အာမခံထားသူသည် ဤပေါ်လစီပါ မည်သည့်အကျိုးခံစားခွင့်ကိုမှ ခံစားခွင့်မရှိပါ။

(၄) ဤကုမ္ပဏီတွင် အာမခံထားရှိသောအဆောက်အအုံ သို့မဟုတ် ယင်းအဆောက်အအုံ၏ အစိတ်အပိုင်း တစ်ခုခု သို့မဟုတ် ယင်းအဆောက်အအုံပါဝင်သည့် အဆောက်အအုံကြီးတစ်ခုလုံး သို့မဟုတ် ယင်း၏ အစိတ်အပိုင်း တစ်ခုခု သို့မဟုတ် အဆောက်အအုံတန်းကြီးတစ်ခုလုံး သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ခုခုပြိုကျ သို့မဟုတ် နေရာရွေ့ (displace) သွားခဲ့လျှင်၊

(က) အထက်ဖော်ပြပါ အဆောက်အအုံတစ်ခုခု သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ခုခုအား ဤကုမ္ပဏီ၌ထားရှိသော အာမခံများ။

(ခ) ယင်းအဆောက်အအုံတစ်ခုခုအတွင်းရှိ ပစ္စည်းတစ်ခုခုအား ဤကုမ္ပဏီ၌ထားရှိသော အာမခံများ။

(ဂ) ယင်းအဆောက်အအုံတစ်ခုခု၏ အိမ်ငှားခ သို့မဟုတ် ယင်းအဆောက်အအုံတစ်ခုခုနှင့် ယင်းအဆောက်အအုံအတွင်းရှိ ပစ္စည်းတစ်ခုခုအတွက် ထားရှိသောအာမခံများသည် အဆိုပါအဆောက်အအုံတစ်ခုခုပြိုကျ သို့မဟုတ် နေရာရွေ့သည့်အချိန်မှစတင်၍ ချက်ချင်းရပ်ဆိုင်းသွားသည်။ အဆိုပါပြိုကျခြင်း သို့မဟုတ် နေရာရွေ့ခြင်းမှာ အထက်ဖော်ပြပါ အဆောက်အအုံတစ်ခုလုံး သို့မဟုတ် ယင်း၏ကြီးမားသော အစိတ်အပိုင်း သို့မဟုတ် ယင်း၏အရေးပါသော အစိတ်အပိုင်းပြိုကျခြင်း၊ နေရာရွေ့ခြင်းဖြစ်မည် သို့မဟုတ် အဆိုပါပြိုကျခြင်း သို့မဟုတ် နေရာရွေ့ခြင်းကြောင့် ယင်းအဆောက်အအုံ သို့မဟုတ် ယင်းအစိတ်အပိုင်း၏ အသုံးဝင်မှုကိုထိခိုက်

ယုတ်လျော့စေရမည်။ သို့မဟုတ် ယင်းအဆောက်အအုံသို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ခုခု သို့မဟုတ် ယင်းအဆောက်အအုံအတွင်းရှိ ပစ္စည်းတစ်စုံတစ်ရာအား မီးလောင်နိုင်သည့်အန္တရာယ် ပိုမိုတိုးတက်ကြီးမားလာစေရမည် သို့မဟုတ် အဆိုပါပြုကျင့်ခြင်း သို့မဟုတ် နေရာရွှေ့ခြင်းသည် အဓိကကျရမည်။

၎င်းအပြင် အဆိုပါပြုကျင့်ခြင်းသို့မဟုတ် နေရာရွှေ့ခြင်းသည် ဤပေါ်လီစီက တာဝန်ယူထားသော မီးလောင်ခြင်း၊ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း သို့မဟုတ် အကယ်၍အဆိုပါအဆောက်အအုံ၊ အဆောက်အအုံတန်း သို့မဟုတ် အဆောက်အအုံကြီးကို ဤပေါ်လီစီဖြင့်အာမခံထားခဲ့လျှင် ဤပေါ်လီစီက တာဝန်ယူရ မည့် မီးလောင်ခြင်း၊ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့်မဖြစ်စေရ။

မည်သည့်ပြစ်မှု၊ တရားမမှု သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း၌မဆို အဆိုပါပြုကျင့်ခြင်း သို့မဟုတ် နေရာရွှေ့ခြင်းသည် အထက်၌ဖော်ပြထားသည့်အတိုင်း မီးလောင်ခြင်းကြောင့်ဖြစ်ကြောင်းသက်သေပြအတည်ပြုချက်ရရှိရန်မှာ အာမခံထားသူ၏ တာဝန်သာဖြစ်သည်။

(၅) (က) ဤအာမခံသည် အောက်ပါများကို တာဝန်မယူ၊ လျော်ကြေးမပေးပါ။

(၁) မီးလောင်နေစဉ်နှင့် မီးလောင်ပြီးနောက် သူခိုး ခိုးယူ၍ ဆုံးရှုံးခြင်း

(၂) မီးအာမခံထားရှိသောပစ္စည်း၏ သဘောသဘာဝအရပြောင်းလဲခြင်း (fermentation)၊ သဘာဝပူပြင်းခြင်း၊ အလိုအလျောက်မီးစွဲလောင်ခြင်း၊ (စည်းမျဉ်း ၈(စ) ၌ပြဋ္ဌာန်းထားသည့်အတိုင်းမှအပ) သို့မဟုတ် ၎င်းပစ္စည်း အားအပူပေးရန် သို့မဟုတ် အခြောက်ခံရန်လုပ်ဆောင်ခြင်းက ဖြစ်ပေါ်စေသော ပစ္စည်းဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း၊

(၃) (က) အစိုးရအာဏာပိုင်တရပ်ရပ်၏ အမိန့်အရပစ္စည်းမီးရှို့ခြင်း။

(ခ) မြေအောက်မီးလောင်ခြင်း။

တို့ကြောင့်ဖြစ်စေ၊ ၎င်းတို့နှင့်ဆက်စပ်ပတ်သက်၍ဖြစ်စေ၊ ၎င်းတို့၏ အကျိုးသက်ရောက်မှုကြောင့်ဖြစ်စေ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း။

(၄) အနုမြူလက်နက်များပြုလုပ်နိုင်သောပစ္စည်းက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဖြစ်ပျက်စေသော သို့မဟုတ် ပေါ်ပေါက်စေသော ၎င်း၏အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်သော သို့မဟုတ် အားပေးသောဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း။

(ခ) အနုမြူလောင်စာလောင်ကျွမ်းရာမှ ထွက်ပေါ်လာသည့် မည်သည့်အနုမြူစွန့်ပစ်ပစ္စည်းကြောင့်မဆို သို့မဟုတ် အနုမြူလောင်စာတစ်ခုခုမှ ရေဒီယိုသတ္တိကြွခြင်းကြောင့် ညစ်ညမ်းစေခြင်း သို့မဟုတ် အိုင်းယွန်း အသွင်ကူးပြောင်းရေဒီယိုသတ္တိကြွခြင်းတို့ကြောင့် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်ဖြစ်ပေါ်စေသော သို့မဟုတ် ပေါ်ပေါက်စေသော သို့မဟုတ် ယင်း၏အကျိုးသက်ရောက်မှုကြောင့်ဖြစ်ပေါ်စေသော သို့မဟုတ် အားပေးသော ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို ဤအာမခံကတာဝန်မယူ၊ လျော်ကြေးမပေးပါ။ ဤစည်းမျဉ်း ၅(၂)၏ ရည်ရွယ်ချက်များအလို့ငှာ လောင်ကျွမ်းခြင်းတွင် အနုမြူကွဲထွက်ခြင်း (nuclear fission)၏ မည်သည့် အလိုအလျောက်ဖြစ်စဉ်မဆိုပါဝင်ရမည်။

(၆) ဤအာမခံသည် အောက်ဖော်ပြပါအဖြစ်အပျက်တစ်ခုခုက တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ဖြစ်ပေါ်စေသော၊ သို့မဟုတ် ယင်းနှင့်တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ဆက်စပ်ပတ်သက်၍ဖြစ်ပေါ်သော၊ သို့မဟုတ်ယင်း၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်အကျိုးသက်ရောက်မှုကြောင့်ဖြစ်ပေါ်သောမည်သည့်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း ကိုမှ တာဝန်မယူ၊ လျော်ကြေးမပေးပါ။

(က) မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း သို့မဟုတ် အခြားသဘာဝအရ အကြီးအကျယ်တုန်လှုပ်လှုပ်ရှားခြင်း။

(ခ) တိုင်ဖွန်းမုန်တိုင်း၊ ဟာရီကိန်းမုန်တိုင်း၊ တော်နဒိုမုန်တိုင်း၊ ဆိုင်ကလုန်းမုန်တိုင်း သို့မဟုတ် အခြားလေထုမငြိမ်သက်ဖြစ်ခြင်း။

(ဂ) စစ်ဖြစ်ပွားခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ နိုင်ငံခြားရန်သူ၏ အပြုအမူ၊ စစ်ပြုခြင်းများ၊ သို့မဟုတ် စစ်ပွဲကဲ့သို့ တိုက်ခိုက်ခြင်းများ (စစ်ကြေညာသည်ဖြစ်စေ၊ စစ်မကြေညာသည်ဖြစ်စေ)၊ ပြည်တွင်းစစ်။

(ဃ) ပုန်ကန်ခြင်း၊ အဓိကရုဏ်း၊ စစ်တပ် သို့မဟုတ် လူထုအုံကြွခြင်း (popular rising) သောင်းကျန်းခြင်း၊ သူပုန်ထခြင်း၊ တော်လှန်ရေး၊ စစ်တပ် သို့မဟုတ် အာဏာသိမ်းခြင်း၊ စစ်အမိန့်ထုတ်ပြန်ခြင်း (martial law) သို့မဟုတ် သိမ်းပိုက်ထားခြင်း သို့မဟုတ် စစ်မိန့်ထုတ်ပြန်ခြင်း၊ (Martial law) သို့မဟုတ် သိမ်းပိုက်ထားခြင်းတို့ကိုဖြစ်ပေါ်စေသော အကြောင်းအရင်းများ သို့မဟုတ် အဖြစ်အပျက်များအနက် အကြောင်းရင်း သို့မဟုတ် အဖြစ်အပျက်တစ်ခုခု။

(င) မည်သည့်အကြမ်းဖက်လုပ်ရပ်မဆို (any act of terrorism)

ဤရည်ရွယ်ချက်အလို့ငှာ အကြမ်းဖက် လုပ်ရပ်တစ်ခုဟူသည်မှာ လူတစ်ဦးဦးသို့မဟုတ် လူအုပ်စုတစ်ခု သို့မဟုတ် လူအုပ်စုများက တစ်ဦးတည်း၊ တစ်အုပ်စုတည်း သီးသန့်ဆောင်ရွက်သည့် သို့မဟုတ် အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် အဖွဲ့အစည်းများသို့မဟုတ် အစိုးရ သို့မဟုတ် အစိုးရများနှင့်ဆက်စပ်၍ သို့မဟုတ် ၎င်းတို့ ကိုယ်စားဆောင်ရွက်သောနိုင်ငံရေး၊ ဘာသာရေး၊ ဝါဒရေးရာ သို့မဟုတ် အလားတူရည်ရွယ်ချက် များဖြင့် လည်းကောင်း၊ အစိုးရတရပ်ရပ်အပေါ်သက်ရောက်လွှမ်းမိုးနိုင်ရန်နှင့် သို့မဟုတ် လူထု သို့မဟုတ် လူထုတစိတ် တဒေသအား ကြောက်ရွံ့စေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ ကျူးလွန်သည့် အကြမ်းဖက်မှု သို့မဟုတ် ရမ်းကားမှုနှင့် သို့မဟုတ် ခြိမ်းခြောက်မှု (၎င်းထက်ပိုမိုနိုင်သည်)ကို အသုံးပြုခြင်း ပါဝင်သော ဆောင်ရွက်ချက် တစ်ရပ်ရပ်ကို အသုံးပြုခြင်း ကိုဆိုသည်။

အထက်ဖော်ပြပါအဖြစ်အပျက် တစ်ခုခုကတိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ဖြစ်ပေါ်စေသော သို့မဟုတ် ယင်းနှင့်တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ဆက်စပ်ပတ်သက်၍ဖြစ်ပေါ်သော သို့မဟုတ် ယင်း၏တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောအကျိုးသက်ရောက်မှုကြောင့်ဖြစ်ပေါ်သော ပုံမှန်မဟုတ်သောအခြေအနေများ၊ (ပကတိဖြစ်စေ၊ အခြားဖြစ်စေ)တွင် ဖြစ်ပေါ်လာသော မည့်သည့်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကိုမဆို ဤအာမခံက တာဝန်မယူလျော်ကြေးမပေးပါ။ သို့ရာတွင် အာမခံထားသူက ယင်းဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းမှာ ဖော်ပြပါ ပုံမှန်မဟုတ်သော အခြေအနေများမှ သီးခြားကင်းလွတ်၍ လွတ်လပ်စွာဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်ဟု သက်သေပြနိုင်သည့်အတိုင်းတာအထိကို ဤအာမခံကတာဝန်ယူလျော်ကြေးပေးပါမည်။

ဤစည်းမျဉ်းပါပြဋ္ဌာန်းချက်များအရ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းတရပ်ရပ်သည် ဤအာမခံတွင် အကျုံးမဝင်ဟု ဤကုမ္ပဏီကယူဆသောမည်သည့်ပြစ်မှု၊ တရားမမှု သို့မဟုတ် အခြားနည်းဖြင့်ဆောင်ရွက်ခြင်း၌ မဆိုဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းသည် ဤအာမခံတွင်အကျုံးဝင်ကြောင်း သက်သေပြအတည်ပြုချက် ရရှိရန်မှာ အာမခံထားသူ၏ တာဝန်သာဖြစ်သည်။

(၇) ဤအာမခံက အောက်ပါများနှင့်စပ်လျဉ်း၍ မည်သည့်တာဝန်ရှိမှုကိုမှ တာဝန်မယူလျော်ကြေးမပေးပါ။

(က) ဤပေါ်လီစီဖြင့် အာမခံထားရှိသော အရေးပေါ်ကိစ္စမှ ဖြစ်ပေါ်လာသည့်ညစ်ညမ်းခြင်း သို့မဟုတ် ညစ်ညင်းစေခြင်းနှင့်

(ခ) ညစ်ညမ်းခြင်း သို့မဟုတ် ညစ်ညမ်းစေခြင်းမှဖြစ်ပေါ်လာသည့် ဤပေါ်လီစီဖြင့် အာမခံထားရှိသော အရေးပေါ်ကိစ္စတို့ကြောင့် အာမခံထားသည့် ပစ္စည်းအားဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးခြင်းမှအပ (အခြားနည်းဖြင့်ထုတ်ပယ်မထားလျှင်) ညစ်ညမ်းခြင်း သို့မဟုတ် ညစ်ညမ်းစေခြင်းကြောင့်ဖြစ်ပေါ်သော ဆုံးရှုံးခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးခြင်း။

(၈) အောက်ပါများမှာ ဤအာမခံ၌ အကျုံးဝင်သည်ဟု ဤပေါ်လီစီတွင် အတိအလင်းဖော်ပြထားခြင်းမရှိလျှင် ၎င်းတို့သည် ဤအာမခံတွင် အကျုံးမဝင်ပါ။

(က) ယုံကြည်မှုအရ သို့မဟုတ် ကော်မရှင်ပေး၍ အပ်နှံထားသောကုန်ပစ္စည်းများ။

(ခ) ရွှေတုံး၊ ရွှေချောင်း၊ ငွေတုံး၊ ငွေချောင်း သို့မဟုတ် ထိန်းကွပ်မထားသောကျောက်မျက်ရတနာများ (unset precious stones)

(ဂ) ကျပ် ၅၀,၀၀၀/- ထက် ပိုမိုတန်ဘိုးရှိသော မည်သည့်ရှေးဟောင်းပစ္စည်း၊ ပန်းချီကားမဆို။

(ဃ) စာမူများ၊ ပုံစံများ၊ ရေးဆွဲထားသောပုံများ၊ သို့မဟုတ် ဒီဇိုင်းပုံစံများ၊ ပက်တင်ပုံစံများ၊ မော်ဒယ်လ်ပုံစံများ၊ သို့မဟုတ် ပုံစံခွက် (mould) များ၊

(င) ငွေစုအထောက်အထားများ၊ တာဝန်ရှိမှုများ သို့မဟုတ် အထောက်အထားမျိုးစုံ၊ တံဆိပ်ခေါင်းများ၊ သတ္တုငွေ သို့မဟုတ် ငွေစက္ကူချက်လက်မှတ်များ၊ စာရင်းစာအုပ်များ သို့မဟုတ် အခြားလုပ်ငန်း စာအုပ်များ သို့မဟုတ် ကွန်ပျူတာစနစ်မှတ်တမ်းများ။

(စ) မီးသွေး (သူ့အလိုအလျောက် မီးစွဲလောင်ခြင်းကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း)။

(ဆ) ပေါက်ကွဲစေတတ်သောပစ္စည်းများ။

(ဇ) ပေါက်ကွဲခြင်းကြောင့် သို့မဟုတ် ယင်းနှင့်ဆက်စပ်ပတ်သက်ခြင်းကြောင့် သို့မဟုတ် ယင်း၏အကျိုး သက်ရောက်မှုကြောင့်ဖြစ်ပေါ်သော ဆုံးရှုံးခြင်းသို့မဟုတ်ပျက်စီးခြင်း။ သို့ရာတွင် ဓါတ်ငွေ့လုပ်ငန်း တစ်မျိုးမျိုး၏ အစိတ်အပိုင်းလည်းမဟုတ် ဓါတ်ငွေ့လည်းမထုတ်လုပ်သော အဆောက်အအုံအတွင်း တွင် မီးထွန်းရန် သို့မဟုတ် အခြားအိမ်မှုကိစ္စများအတွက်အသုံးပြုသည့် ဓါတ်ငွေ့ပေါက်ကွဲမှုကြောင့် ဆုံးရှုံးခြင်းသို့မဟုတ် ပျက်စီးခြင်းမှာ ဤပေါ်လီစီအဓိပ္ပါယ်ဖွင့်ဆိုချက်အရ မီးလောင်ဆုံးရှုံးခြင်းဟု မှတ်ယူရမည်။

(ဈ) မတော်တဆဖြစ်စေ၊ မတော်တဆမဟုတ်ပဲဖြစ်စေ၊ တောမျာ၊ ခြုံ၊ ပရေရီမြက်ခင်း၊ ပင်းပတ်မြက်ခင်း သို့မဟုတ် တောကြီးမီးလောင်ခြင်းနှင့် မီးရှို့၍မြေရှင်းမှုတို့ကြောင့် သို့မဟုတ် ယင်းနှင့်ဆက်စပ်ပတ်သက်ခြင်းကြောင့် သို့မဟုတ် ယင်း၏အကျိုးသက်မှုကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း။

(၉) အကယ်၍ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းတစ်စုံတစ်ရာမဖြစ်ပေါ်မီ လက်ရှိအာမခံဆက်လက်တည်မြဲမည်ဖြစ်ကြောင်း ဤကုမ္ပဏီ၏ သဘောတူညီမှုကို အာမခံထားသူက ကြိုတင်ရရှိထားပြီး ဤကုမ္ပဏီကဖြစ်စေ ဤကုမ္ပဏီ၏ကိုယ်စားဖြစ်စေ ပေါ်လီစီတွင် ပြင်ဆင်မှတ်တမ်းတင်ထားခြင်းမရှိခဲ့လျှင် အောက်ပါဖြစ်စဉ်တစ်ရပ်ရပ်ဖြစ်ပေါ်ပါက ဆက်စပ်ပတ်သက်သည့်ပစ္စည်းနှင့်စပ်လျဉ်း၍ လက်ရှိအာမခံသည် ရပ်ဆိုင်းသွားသည်။

(က) လက်ရှိဆောင်ရွက်နေသောအရောင်းအဝယ် သို့မဟုတ် ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းကို ပြောင်းလဲခြင်း သို့မဟုတ် အာမခံထားရှိသောအဆောက်အအုံ သို့မဟုတ် အာမခံထားရှိသည့်ပစ္စည်းထားသိုသောအဆောက်အအုံအားနေထိုင်ခြင်း သို့မဟုတ် ယင်းအဆောက်အအုံနှင့်စပ်လျဉ်းသည့် အခြေအနေများပြောင်းလွဲခြင်းကြောင့် မီးလောင်၍ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအန္တရယ် ပိုမိုတိုးတက်ကြီးမားလာစေခြင်း။

(ခ) အာမခံထားရှိသည့်အဆောက်အအုံ သို့မဟုတ် အာမခံထားရှိသောပစ္စည်းထားသိုသည့် အဆောက်အအုံတွင်လူမနေထိုင်ခြင်း ထိုကဲ့သို့လူမနေထိုင်ခြင်းမှာရက်ပေါင်း (၃၀) ထက် ပိုမိုကြာရှည်လာခြင်း။

(ဂ) အာမခံထားရှိသောပစ္စည်းကို မူလအာမခံထားရှိမည်ဟု ဖော်ပြသည့်အဆောက်အအုံ သို့မဟုတ် နေရာမှမည်သည့်အဆောက်အအုံ သို့မဟုတ် နေရာသို့မဆို ရွှေ့ပြောင်းခြင်း။

(ဃ) အာမခံထားရှိသောပစ္စည်းကို သေတမ်းစာ သို့မဟုတ် တရားဥပဒေအကြောင်းအရ မဟုတ်ပဲ အာမခံထားသူက မပိုင်ဆိုင်တော့ခြင်း။

(င) အာမခံထားသူ၏ ပစ္စည်းတည်ရှိသောမြေအား သိမ်းယူရန် သို့မဟုတ် ဝယ်ယူရန်အတွက် မြို့နယ်အာဏာပိုင်များ၏ အမိန့်တရပ်ရပ်ဖြင့် ပြောင်းရွှေ့ပေးရန်နို့တစ်စာ ထုတ်ထားပြီးဖြစ်ခြင်း။

(၁၀) ဤအာမခံသာမရှိပါက ပျက်စီးဆုံးရှုံးချိန်တွင် ရေကြောင်းအာမခံပေါ်လီစီ သို့မဟုတ် ပေါ်လီစီများက တာဝန်ယူလျော်ကြေးပေးမည့် မည်သည့်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကိုမဆို ဤအာမခံက တာဝန်မယူလျော်ကြေးမပေးပါ။ သို့ရာတွင် ဤအာမခံသာမရှိလျှင် ရေကြောင်းပေါ်လစီ သို့မဟုတ် ပေါ်လစီများက ပေးလျော်မည့်တန်ဘိုးထက်ပိုမိုသော စိတ်အပိုင်းကိုသာ ဤအာမခံက တာဝန်ယူလျော်ကြေးပေးမည်။

(၁၁) အာမခံထားသူက မေတ္တာရပ်ခံလာလျှင် ဤအာမခံကို မည်သည့်အချိန်တွင်မဆို ရပ်ဆိုင်းနိုင်သည်။ ထိုကဲ့သို့ရပ်ဆိုင်းလျှင် ပေါ်လီစီတည်မြဲနေခဲ့သောကာလအတွက် ပရီမီယံကို ကာလတိုနှုန်း (short period rate) ဖြင့်တွက်ချက်၍ ဤကုမ္ပဏီကရယူမည်။ ဤကုမ္ပဏီကလည်း အာမခံထားသူ၏နောက်ဆုံးသိရှိရသည့် လိပ်စာသို့ မှတ်ပုံတင်စာဖြင့် (၁၄) ရက် နို့တစ်ပေးပို့ကာ ဤအာမခံကို ရပ်ဆိုင်းနိုင်ခွင့်ရှိသည်။ ထိုကဲ့သို့ ရပ်ဆိုင်းပါက အာမခံထားသူကတောင်းဆိုလာလျှင် ရပ်ဆိုင်းသည့်ရက်စွဲမှ အာမခံသက်တမ်းစေ့သောအချိန်အထိ ကျန်ရှိသောကာလအတွက် ပရီမီယံကိုအချိုးကျတွက်ချက်၍ အာမခံထားသူသို့ပြန်အမ်းရန် ဤကုမ္ပဏီတွင် တာဝန်ရှိရမည်။

(၁၂) ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းတစ်စုံတစ်ရာဖြစ်ပေါ်ပါက အာမခံထားသူသည် ဤကုမ္ပဏီသို့ ချက်ချင်း အကြောင်းကြားရမည်။ ၎င်းအပြင် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်သည့်ရက်မှ(၁၅)ရက် သို့မဟုတ် ဤကုမ္ပဏီက စာဖြင့်ရေးသားတိုးမြှင့်ခွင့်ပြုသည့်ကာလအတွင်း အောက်ပါတို့အား ဤကုမ္ပဏီသို့ ပေးပို့ရမည်။

(က) ဆုံးရှုံးခြင်းနှင့်ပျက်စီးခြင်းအတွက် စာဖြင့်ရေးသားတောင်းခံသောလျော်ကြေး၊ ယင်းလျော်ကြေးတွင် ပျက်စီး သို့မဟုတ် အဖျက်စီးခံရသောပစ္စည်းအားလုံး သို့မဟုတ် ပစ္စည်း၏အမျိုးအစားအားလုံးနှင့် ဆုံးရှုံးချိန် သို့မဟုတ် ပျက်စီးချိန်၌ ၎င်းတို့၏တန်ဘိုးကို ထည့်သွင်းစဉ်းစားကာ မည်သည့်အမြတ် အမျိုးအစားမှမပါဝင်သော ပစ္စည်းများဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းတန်ဘိုးအသီးသီးတို့၏ ကျိုးကြောင်းခိုင်လုံစွာ အဖြစ်နိုင်ဆုံးဖော်ပြချက်ပါရှိရမည်။

(ခ) အခြားအာမခံ(များ) ထားရှိလျှင်လည်း ၎င်းတို့အား အသေးစိတ်ဖော်ပြရမည်။

အာမခံထားသူသည် အချိန်တိုင်းတွင် မိမိ၏စရိတ်ဖြင့် ဤကုမ္ပဏီက သို့မဟုတ် ဤကုမ္ပဏီကိုယ်စား ကျိုးကြောင်းခိုင်လုံစွာလိုအပ်လာနိုင်သည့် အသေးစိတ်အချက်အလက်များ၊ ပန္နက်ပုံများ၊ အသေးစိတ်ဖော်ပြချက်များ၊ စာအုပ်များ၊ ဘောက်ချာများ၊ ကုန်ပို့လွှာများ၊ ဒုမိတ္တူများ သို့မဟုတ် ယင်းတို့၏မိတ္တူများ၊ လျော်ကြေးနှင့် ပတ်သက်သောအထောက်အထားများ၊ သက်သေခံများ၊ သတင်းများ၊ မီးမည်ကဲ့သို့စတင်ခဲ့ကြောင်း၊ မီးလောင်ခဲ့သည့်အကြောင်းရင်း၊ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကိုဖြစ်ပေါ်စေသည့် အခြေအနေအရပ်ရပ်နှင့် ဤကုမ္ပဏီအား တာဝန်ရှိလာစေနိုင်သောတန်ဘိုးနှင့် ယင်းတာဝန်ရှိမှုကိုဖြစ်ပေါ်စေသည့် အကြောင်းအရာတို့အား တောင်းခံသောလျော်ကြေး၊ ၎င်းနှင့်ဆက်စပ်သော အခြားကိစ္စအဝဝတို့သည် မှန်ကန်ကြောင်းကျမ်းကျိန်ချက် သို့မဟုတ် အခြားဥပဒေကြောင်းအရ ကြေညာချက်နှင့်တကွ ဤကုမ္ပဏီသို့ပေးပို့ရမည်။

(၁၃) ဤအာမခံက အောက်ပါများအား တာဝန်ယူလျော်ကြေးပေးသည်။

(က) လုပ်ငန်းတစ်ခု၏ မီးသတ်အဖွဲ့မှ အချိန်ပြည့်ဝန်ထမ်းများမှအပ အာမခံထားသူ၏ အလုပ်သမားများ အတွက် လုပ်ခများ

(ခ) အတိအကျအာမခံထားရှိခြင်းမရှိလျှင် မီးသတ်ပစ္စည်းများ(appliances)အား အစားထိုးခြင်း စရိတ်စက နှင့် (အလုပ်သမားများ၏ အဝတ်အစားနှင့် ကိုယ်ပိုင်ပစ္စည်းများအပါအဝင်) ပစ္စည်းများပျက်စီးခြင်း တန်ဘိုး

(ဂ) မီးသတ်အဖွဲ့အခကြေးငွေများ

အဆိုပါလုပ်ခများ၊ စရိတ်စကများ၊ အခကြေးငွေများနှင့်စပ်လျဉ်း၍ ဤကုမ္ပဏီ၏တာဝန်ရှိမှုသည် ဤပေါ်လစီဖြင့် အာမခံထားရှိသောပစ္စည်းနေရာမီး သို့မဟုတ် ထိုနေရာသို့ရောက်တော့မည့်မီးနှင့် ထိုပစ္စည်းကို ချက်ချင်းလောင်ကျွမ်းတော့မည်ဟု ခြိမ်းခြောက်သည့်မီးအား ငြိမ်းသတ်ရာတွင် ကျိုးကြောင်းခိုင်လုံစွာနှင့် လိုအပ်၍ ကုန်ကျသင့်သောလုပ်ခ၊ စရိတ်စကနှင့် အခကြေးငွေများအတွက်သာဖြစ်သည်။

(၁၄) ဤပေါ်လစီဖြင့် အာမခံထားရှိသာပစ္စည်းတစ်ခုခုဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းတစ်စုံတစ်ရာဖြစ်ပေါ်လျှင် ဤကုမ္ပဏီသည် -

(က) ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်ပွားသောအဆောက်အအုံ သို့မဟုတ် ဥပစာများအတွင်းသို့ ဝင်ရောက်၍ ယင်းအားထိန်းသိမ်းထားရှိနိုင်သည်။

(ခ) ဆုံးရှုံးပျက်စီးချိန်တွင် အဆောက်အအုံဥပစာများအတွင်းရှိအာမခံထားသူပိုင်သော မည်သည့်ပစ္စည်းကို မဆို သိမ်းယူနိုင်သည်။ ဤကုမ္ပဏီသို့ပေးပို့စေရန်လည်း ဆောင်ရွက်နိုင်သည်။

(ဂ) အထက်ဖော်ပြပါ မည်သည့်ပစ္စည်းကိုမဆိုရယူကာစစ်ဆေးခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ အစီအစဉ် ပြုလုပ်ခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် အခြားနည်းဖြင့်ဆောင်ရွက်ခြင်းတို့ကိုလည်း ပြုလုပ်နိုင်သည်။

(ဃ) သက်ဆိုင်သူအတွက်အဆိုပါမည်သည့်ပစ္စည်းကိုမဆိုရောင်းချခြင်းနှင့်ထုခွဲခြားများပြုလုပ်နိုင်သည်။

အာမခံထားသူက စာဖြင့်ရေးသားကာ ဤပေါ်လစီနှင့်စပ်လျဉ်း၍ လျော်ကြေးတောင်းခံတော့မည် မဟုတ်ကြောင်း အကြောင်းကြားလာသည့်အချိန်ထိဖြစ်စေ၊ လျော်ကြေးတောင်းခံထားလျှင်လည်း ယင်း လျော်ကြေးကို နောက်ဆုံးဆုံးဖြတ်ပြီးသောအချိန်ထိဖြစ်စေ၊ လျော်ကြေးကိုရုပ်သိမ်းသွားသည့်အချိန်ထိဖြစ်စေ၊ ဤကုမ္ပဏီသည် ဤစည်းမျဉ်းကအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်များကို မည်သည့်အချိန်တွင်မဆို ကျင့်သုံး ဆောင်ရွက်နိုင်သည်။ ဤကုမ္ပဏီသည် အထက်ဖော်ပြပါ မည်သည့်လုပ်ပိုင်ခွင့်ကိုမဆို ကျင့်သုံးဆောင်ရွက် သည်ဖြစ်စေ၊ ကျင့်သုံးဆောင်ရွက်သည်ဟုဆိုရာ၌ဖြစ်စေ၊ ဆောင်ရွက်ချက်တစ်ရပ်ကြောင့် အာမခံထားသူသို့ ဤကုမ္ပဏီ၏တာဝန်ရှိမှု တစ်စုံတစ်ရာမပေါ်ပေါက်စေရ သို့မဟုတ် လျော်ကြေးတစ်ခုခုနှင့်စပ်လျဉ်း၍ ဤ ပေါ်လစီပါ မည်သည့်စည်းမျဉ်းကိုမဆို ဤကုမ္ပဏီ၏ ကိုးကားပိုင်ခွင့်အား မထိခိုက်မယုတ်လျော့စေရ။

အာမခံထားသူ သို့မဟုတ် ၎င်းအား ကိုယ်စားပြုသူတစ်ဦးဦးက ဤကုမ္ပဏီ၏ လိုအပ်ချက်များအတိုင်း မလိုက်နာမဆောင်ရွက်လျှင်သော်လည်းကောင်း၊ ဤစည်းမျဉ်းပါလုပ်ပိုင်ခွင့်များကို ဤကုမ္ပဏီက ကျင့်သုံး ဆောင်ရွက်ရာ၌ အဟန့်အတားဖြစ်စေလျှင်သော်လည်းကောင်း၊ တားဆီးပိတ်ပင်လျှင်သော်လည်းကောင်း အာမခံထားသူသည် ဤပေါ်လစီပါ မည်သည့်အခွင့်အရေးကိုမှ ခံစားခွင့်မရှိပါ။

ဤကုမ္ပဏီက သိမ်းယူသည်ဖြစ်စေ၊ မသိမ်းယူသည်ဖြစ်စေ အာမခံထားသူသည် မည်သည့်အခြေအနေ တွင် မဆိုမည်သည့်ပစ္စည်းကိုမှ ဤကုမ္ပဏီသို့ စွန့်လွှတ်ပိုင်ခွင့်မရှိပါ။

(၁၅) လျော်ကြေးတောင်းခံခြင်းသည် မည်သည့်အစိတ်အပိုင်းတွင်မဆို မမှန်ကန်လျှင်သော်လည်းကောင်း၊ လျော်ကြေးရရှိရန်အလို့ငှာ မမှန်မကန်ဖော်ပြကြေညာလျှင်လည်းကောင်း၊ ဤပေါ်လစီပါအခွင့်အရေးတစ်ရပ်ရပ် ကို ရရှိခံစားနိုင်ရန်အတွက် အာမခံထားသူသို့မဟုတ် ၎င်းအား ကိုယ်စားပြုသူတစ်ဦးဦးက မမှန်ကန်သောနည်းနာ နိဿယများကိုအသုံးပြုလျှင်သော်လည်းကောင်း၊ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းသည် အာမခံထားသူ၏ တဖွတ်ထိုးအပြုအမူ သို့မဟုတ် ၎င်း၏ မသိကျိုးကျွန်ပြုမှုခြင်းကြောင့်ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း၊ လျော်ကြေးတောင်းခံထားလျှင်လည်း တောင်းခံခြင်းကိုငြင်းပယ်ပြီးဖြစ်စေကာမူ ငြင်းပယ်ပြီးနောက်(၃)လ အတွင်း ဥပဒေအကြောင်းအရဆောင်ရွက်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းမပြုလုပ်လျှင်သော်လည်းကောင်း (အကယ်၍ စည်းမျဉ်း(၂၁)နှင့်အညီ အနုညာတခုံရုံးသို့တင်ပြထားကာ) ခုံလူကြီး သို့မဟုတ် ခုံလူကြီးများ သို့မဟုတ် ဒိုင်လူကြီးက ဆုံးဖြတ်ချက်ချပြီး နောက်(၃)လအတွင်း ဥပဒေကြောင်းအရဆောင်ရွက်ခြင်း၊ သို့မဟုတ်

တရားစွဲဆိုခြင်းမပြုလုပ်လျှင်သော်လည်းကောင်း၊ အာမခံထားသူသည် ဤပေါ်လစီပါ မည်သည့်အခွင့်အရေးကိုမှ ခံစားခွင့်မရှိပါ။

(၁၆) ဤကုမ္ပဏီသည် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းတန်ဘိုးကိုမပေးလျော်ဘဲ ပျက်စီးသွားသောပစ္စည်း သို့မဟုတ် ယင်းပစ္စည်း၏အစိတ်အပိုင်းကို ပြန်လည်တည်ဆောက်ခြင်း သို့မဟုတ် အစားထိုးခြင်းပြုလုပ်နိုင်သည် သို့မဟုတ် အခြားမည်သည့်အာမခံကုမ္ပဏီ(များ)နှင့်မဆို ပူပေါင်းကာဖော်ပြခဲ့သည့်အတိုင်း ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ထိုကဲ့သို့ ပြန်လည်တည်ဆောင်ပေးရာ၌ မူလအတိုင်းတသွေမတိမ်း တိတိကျကျပြည့်ပြည့်စုံစုံ တည်ဆောက်ပေးရန် ဤကုမ္ပဏီ၌ တာဝန်မရှိပါ။ အခြေအနေပေးသည့်အတိုင်း လုံလောက်သည့်အတိုင်းအတာ အထိသာ ဖြစ်စေရမည်။ ၎င်းအပြင် ထိုကဲ့သို့တည်ဆောက်ပေးရန်အတွက် ကုန်ကျမည့်စရိတ်စကသည် အကယ်၍ ဆုံးရှုံးပျက်စီးချိန်တွင် ယင်းပစ္စည်းအား ပြန်လည်တည်ဆောက်ခဲ့လျှင် ကုန်ကျမည့်စရိတ်စက သို့မဟုတ် အာမခံထားငွေထက်မပိုစေရ။

အကယ်၍ ဤကုမ္ပဏီက မည့်သည့်ပစ္စည်းကိုမဆို ပြန်လည်တည်ဆောက် သို့မဟုတ် အစားထိုးမည်ဆိုလျှင် အာမခံထားသူသည် မိမိ၏စရိတ်ဖြင့်ပုံစံများ၊ အသေးစိတ်ဖော်ပြချက်များ အတိုင်းအတာများ၊ အရေအတွက်များနှင့် ဤကုမ္ပဏီက လိုအပ်နိုင်သည့်အခြားအချက်အလက်များကို ဤကုမ္ပဏီသို့ပေးပို့ရမည်။ ပြန်လည်တည်ဆောက်ရန်အလို့ငှာ ဤကုမ္ပဏီက ဆောင်ရွက်သည့် သို့မဟုတ် ဆောင်ရွက်စေသည့် မည်သည့် လုပ်ဆောင်ချက်ကြောင့်မဆို ဤကုမ္ပဏီက ပြန်လည်တည်ဆောက် သို့မဟုတ် အစားထိုးမည်ဟု မမှတ်ယူရ။

အကယ်၍ လမ်းများဖြောင့်တန်းမှု သို့မဟုတ် အဆောက်အအုံများဆောက်လုပ်မှုနှင့်စပ်လျဉ်း၍ တည်ဆဲမြူနီစီပယ်သို့မဟုတ် အခြားဥပဒေများကြောင့် ဤကုမ္ပဏီက ပျက်စီးသွားသည့်အဆောက်အအုံအား ပြန်လည်တည်ဆောက် သို့မဟုတ် ပြင်ဆင်ပေးရန်မဖြစ်နိုင်ပါက ယင်းပစ္စည်းအား မူလအခြေအနေအတိုင်း ဥပဒေနှင့်အညီ ပြန်လည်တည်ဆောက်နိုင်လျှင် အလားတူကိစ္စတိုင်းတွင် ယင်းပစ္စည်းအား ပြန်လည်တည် ဆောက် သို့မဟုတ် ပြင်ဆင်ရန်အတွက် ကုန်ကျမည့်တန်ဘိုးအထိသာ ဤကုမ္ပဏီက ပေးရန်တာဝန်ရှိရမည်။

(၁၇) ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် ဤကုမ္ပဏီက လျော်ကြေးပေးခြင်း သို့မဟုတ် အစားထိုးပေး ခြင်းကြောင့် ဤကုမ္ပဏီက ရရှိခံစားနိုင်ခွင့်ရှိသောအခွင့်အရေးများနှင့် ကုစားခြင်းတို့အား တောင်းဆိုရန် သို့မဟုတ် အခြားသူများထံမှ ဤကုမ္ပဏီကရရှိမည့် သို့မဟုတ် ရရှိနိုင်သည့်သက်သာခွင့် သို့မဟုတ် လျော်ကြေး ရရှိရန်အလို့ငှာ ဤကုမ္ပဏီက ကျိုးကြောင်းခိုင်လုံစွာလိုအပ်မည့်ကိစ္စများ၊ အချက်အလက်များ အကြောင်းအရာ များကို ဤကုမ္ပဏီက အာမခံထားသူသို့ လျော်ကြေးမပေးမီဖြစ်စေ၊ လျော်ကြေးပေးပြီးမှ ဖြစ်စေလိုအပ်လာလျှင် ဤကုမ္ပဏီ၏စရိတ်ဖြင့် အာမခံထားသူက ယင်းတို့အားဆောင်ရွက်ရမည်။ ဆောင်ရွက်ရန် သဘောတူညီရမည်။ ဆောင်ရွက်ခွင့်ပြုရမည်။

(၁၈) ဤကုမ္ပဏီတွင် အာမခံထားရှိသောမည်သည့်ပစ္စည်းမဆို ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း တစ်စုံတစ်ရာဖြစ်ပေါ်ချိန်တွင်၊ အာမခံထားသူကဖြစ်စေ၊ အခြားတစ်ဦးဦးကဖြစ်စေ အခြားသူများကဖြစ်စေ ထားရှိသည့် ယင်းပစ္စည်းအားတာဝန်ယူသော အခြားအာမခံသို့မဟုတ်အာမခံများရှိနေလျှင် ဤကုမ္ပဏီသည်

အဆိုပါဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် အချိုးကျပေးလျော်ရန် သို့မဟုတ် ထည့်ဝင်ရန်ထက်ပိုမို တာဝန်မရှိစေရ။

(၁၉) ဤကုမ္ပဏီတွင် အာမခံထားရှိသောပစ္စည်း၏ စုစုပေါင်းတန်ဘိုးသည် မည်သည့်မီးမျိုးလောင်ချိန်၌မဆို အာမခံထားငွေထက်ပိုမိုနေပါက အာမခံထားသူအား ယင်းခြားနားတန်ဘိုး၏ အာမခံလက်ခံသူဟု ယူဆရမည်ဖြစ်ပြီး ဆုံးရှုံးခြင်း၏ အချိုးကျတန်ဘိုးကို ၎င်းကကျခံရမည်ဖြစ်သည်။

မီးအာမခံထားသည့်ပစ္စည်းအမျိုးအစားသည် တစ်ခုထက်ပိုပါက တစ်ခုချင်းသည် ယင်းစည်းမျဉ်း အတိုင်းဖြစ်သည်။ အောက်တွင် ဥပမာများဖြင့် ရှင်းလင်းဖော်ပြအပ်ပါသည်။

ကျပ်(သိန်း)

| | |
|---|---|
| မီးလောင်ချိန်ရှိ စုစုပေါင်းတန်ဘိုး | ၃၀၀ |
| အာမခံထားငွေ | ၂၅၀ |
| တစ်ဝက်တစ်ပျက်ဆုံးရှုံးမှု | ၁၅၀ |

| | |
|---|---|
| တစ်ဝက်တစ်ပျက်ဆုံးရှုံးမှု (partial loss) | လုံးဝဆုံးရှုံးမှု (total loss) |
| ~~၂၅၀~~ x ~~၁၅၀~~ ၁ / ~~၃၀၀~~ ၂ = သိန်း ၁၂၅ | ၂၅၀ x ~~၃၀၀~~ / ~~၃၀၀~~ = သိန်း ၂၅၀ |
| သိန်း ၁၅၀ တဝက်တပျက်ဆုံးရှုံးမှုတွင် စည်းမျဉ်း(၁၉)အရ လျော်ကြေး ကျပ်၁၂၅သိန်း ပေးရမည်။ အာမခံထားသူက ကျပ်၂၅သိန်း တာဝန်ယူရသည်။ | လုံးဝဆုံးရှုံးမှုတွင် အာမခံထားငွေအတိုင်း လျော်ကြေးအပြည့် ကျပ် ၂၅၀သိန်းပေးရမည်။ |

(၂၀) ဆုံးရှုံးခြင်းတစ်ရပ်ပေါ်ပေါက်လာပါက ဤအာမခံအား အာမခံတန်ဘိုးအပြည့်အဝနှင့် ပြန်လည်တည်မြဲစေရန်အတွက် ဤပေါ်လစီ၌ဖော်ပြထားသော ပရီမီယံနှုန်းဖြင့်ပေါ်ပေါက်သည့်ရက်မှစ၍ လက်ရှိအာမခံသက်တမ်းကုန်ဆုံးချိန်အထိ ဆုံးရှုံးခြင်းတန်ဘိုးအပေါ်တွင် အချိုးကျတွက်ချက်ရရှိသော အပိုပရီမီယံကိုထပ်မံပေးသွင်းရန် အာမခံထားသူ၌ တာဝန်ရှိစေရမည်။

(၂၁) ဆုံးရှုံးခြင်းသို့မဟုတ် ပျက်စီးခြင်းတစ်ရပ်ရပ်၏တန်ဘိုးနှင့်စပ်လျဉ်း၍ သဘောထားကွဲပြားခြားနားမှုပေါ်ပေါက်ခဲ့လျှင် တစ်ခြားကိစ္စများမပါဝင်ဘဲ ယင်းခြားနားမှုတစ်ခုတည်းအတွက်သာ သဘောထားမတိုက်ဆိုင်သူ(၂)ဦးကစာဖြင့် ရေးသားခန့်အပ်သောအနုညာတခုံလူကြီး၏ ဆုံးဖြတ်ချက်ကိုနာခံရမည်။ သို့မဟုတ် ၎င်းတို့နှစ်ဦးက ခုံလူကြီးတစ်ဦးတည်းခန့်အပ်ခြင်းကို သဘောမတူလျှင် ဆုံးဖြတ်ရမည့်ကိစ္စနှင့်လုံးဝမသက်ဆိုင်သည့် ခုံလူကြီး(၂)ဦး၏ ဆုံးဖြတ်ချက်ကိုနာခံရမည်။ အခြားတစ်ဦးက ခုံလူကြီးခန့်ထားရန် စာရေးအကြောင်းကြားလာလျှင် ကျန်တစ်ဦးက မိမိ၏ခုံလူကြီးအား ပြက္ခဒိန်(၂)လအတွင်း ခန့်ထားရမည်။ သဘောထားမတိုက်ဆိုင်သူတစ်ဦးဦးသည် မိမိ၏ခုံလူကြီးအားခန့်ထားရန် နို့တစ်စာကိုလက်ခံရရှိပြီးနောက် ပြက္ခဒိန်(၂)လအတွင်း မိမိ၏ခုံလူကြီးအား ခန့်ထားရန်ငြင်းဆန်လျှင်သော်လည်းကောင်း၊ ပျက်ကွက်လျှင်သော်လည်းကောင်း ကျန်သဘောထားမတိုက်ဆိုင်သူက တစ်ဦးတည်းသောခုံလူကြီးကို ခန့်ထားပိုင်ခွင့်ရှိသည်။ ခုံလူကြီး(၂)ဦးအတွင်း သဘောထားကွဲလွဲလျှင်ဆုံးဖြတ်ရန်ကိစ္စကို မဆောင်ရွက်မီကပင် ၎င်းတို့(၂)ဦးစလုံးက ကြိုတင်စာရေးခန့်ထားသော

ဒိုင်လူကြီး၏ဆုံးဖြတ်ကိုနာခံရမည်။ ဒိုင်လူကြီးသည် ခုံလူကြီးများနှင့်အတူတကွရုံးထိုင်ကာ ၎င်းတို့ဆွေးနွေးညှိနှိုင်းခြင်းအပေါ်တွင်သဘာပတိမှုရမည်။ သဘောထားမတိုက်ဆိုင်သူတစ်ဦးဦးသေဆုံးခြင်းကြောင့် ခုံလူကြီး၊ ခုံလူကြီးများ သို့မဟုတ် ဒိုင်လူကြီး၏အာဏာနှင့် လုပ်ပိုင်ခွင့်အသီးသီးကို မထိခိုက်မပျက်ပြယ်စေရ။ ခုံလူကြီးတစ်ဦး သို့မဟုတ် ဒိုင်လူကြီးသေဆုံးလျှင် ၎င်းအားခန့်အပ်ခဲ့သော သဘောထားမတိုက်ဆိုင်သူကလည်းကောင်း၊ ခုံလူကြီးများကလည်းကောင်း(ဖြစ်ပေါ်သည့်အတိုင်း) သေဆုံးသူအစား အခြားတစ်ဦးဦးအား အစားထိုးခန့်ထားရမည်။

ဆုံးဖြတ်ရန်ဆောင်ရွက်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အတွက် ကျသင့်စရိတ်စကမှာ ယင်းဆုံးဖြတ်ချက်ကိုချမှတ်သည့် ခုံလူကြီး၊ ခုံလူကြီးများ သို့မဟုတ် ဒိုင်လူကြီးက သတ်မှတ်သည့်အတိုင်းဖြစ်သည်။ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းတန်ဘိုးနှင့်စပ်လျဉ်း၍ အငြင်းပွားပါက ခုံလူကြီး၊ ခုံလူကြီးများ သို့မဟုတ် ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်များကိုဦးစွာရရှိပြီးမှသာ ဤပေါ်လီစီနှင့်အညီ မည်သည့်ဥပဒေကြောင်းအရ ဆောင်ရွက်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းကိုမဆို ပြုလုပ်နိုင်ခွင့်ရှိကြောင်း ဤနေရာတွင် အတိအလင်း ပြဋ္ဌာန်းကြေညာလိုက်သည်။

(၂၂) တရားစွဲဆိုခြင်း (action) သို့မဟုတ် အနုညာတခုံရုံးသို့ပေးပို့ကာ ဆုံးဖြတ်ချက်ခံယူထားခြင်းကြောင့် မပြီးပြတ်သေးသောလျော်ကြေးမှအပ ဆုံးရှုံးပျက်စီးချိန်မှ(၁၂)လကျော်လွန်လာသည့် မည်သည့်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက်မဆို ဤကုမ္ပဏီတွင် တာဝန်မရှိပါ။

(၂၃) ဤစည်းမျဉ်းများနှင့်အညီ ဤကုမ္ပဏီသို့ပေးပို့သည့် နို့တစ်စာနှင့်ဆက်သွယ်မှုအားလုံးတို့အား စာဖြင့်ရေးသားရမည် သို့မဟုတ် ပုံနှိပ်ရမည်။

(၂၄) ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တောင်းခံသည့်လျော်ကြေးကို အတည်ပြုထောက်ခံသော လိုအပ်သည့်အထောက်အထားများအား ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းရက်မှ(၃)နှစ်အတွင်း ဤကုမ္ပဏီကမရရှိလျှင် အာမခံထားသူသည် ဤပေါ်လီစီပါမည်သည့်အကျိုးခံစားခွင့်ကိုမှ ခံစားခွင့်မရှိပါ။